**BURMESE**
Translated 12/13/2013

Child's Name (ကလေးအမည်)________________________________________ Today's Date (ယနေ့နေ့စွဲ)_______________

Child's Date of Birth (မွေးသက္ကရာဇ်) _______________________

## M-CHAT

ပုံမှန်အားဖြင့် သင့်ကလေးဟာ ဘယ်လိုကလေးမျိုးလဲဆိုတာကို ကျေးဇူးပြု၍အောက်ပါတို့ကို ဖြေပေးပါ။မေးခွန်းအားလုံးကို ကြိုးစားပြီးဖြေပေးပါ။ အကယ်၍ သူ့အပြုအမူက လုပ်ခဲတယ်(ဥပမာ...တစ်ခါ၊နှစ်ခါပဲမြင်ဖူးတယ်)ဆိုရင်ဒီအပြုအမူမျိုးကို ကလေးကမလုပ်ဘူးလို့ဘဲ ဖြေပေးပါ။

| | | Yes | No |
|---|---|---|---|
| 1. | သင့်ကလေးကသူ့ကိုလွှဲပေးခြင်း၊ ဒူးပေါ်တင်ပြီး ခုန်ဆွခုန်ဆွလုပ်ပေးခြင်းမျိုး စသည်တို့ကို ကြိုက်ပါသလား။ | **ကြိုက်သည်။** | **မကြိုက်ပါ။** |
| 2. | သင့်ကလေးက အခြားသောကလေးများကို စိတ်ဝင်စားမှုရှိပါသလား။ | **ရှိပါသည်။** | **မရှိပါ။** |
| 3. | သင့်ကလေးက လှေကားထစ်များကိုတက်ခြင်းကဲ့သို့သော အရာဝတ္ထုများ အပေါ်တက်ခြင်းကို ကြိုက်ပါ သလား။ | **ကြိုက်သည်။** | **မကြိုက်ပါ။** |
| 4. | သင့်ကလေးက တူတူရေဝါး/တူပုန်းတမ်းကစားခြင်းမျိုးကို နှစ်သက်ပါသလား။ | **နှစ်သက်သည်။** | **မနှစ်သက်ပါ။** |
| 5. | သင့်ကလေးကဟန်ဆောင်ကစားဖူးပါသလား။ ဥပမာ... တယ်လီဖုန်းနှင့်စကား ပြောဟန်ပြုခြင်း သို့မဟုတ် အရုပ်လေးကို ကလေးထိန်းသလိုပြုခြင်း သို့မဟုတ် အခြားအရာတမျိုးမျိုးဖြင့်ဟန်ဆောင် ကစားခြင်း | **လုပ်တတ်သည်။** | **မလုပ်တတ်ပါ။** |
| 6. | တစ်ခုခုကိုတောင်းရန်သင့်ကလေးက သူ၏ လက်ညှိုးကို အသုံးပြု၍ညွှန်ပြဖူး ပါသလား။ | **ညွှန်ပြသည်။** | **မညွှန်ပြပါ။** |
| 7. | တစ်ခုခုကိုစိတ်ဝင်စားကြောင်းဖော်ပြရန် သင့်ကလေးကသူ၏ လက်ညှိုးကို အသုံးပြု၍ညွှန်ပြ ဖူးပါသလား။ | **ညွှန်ပြသည်။** | **မညွှန်ပြပါ။** |
| 8. | သင့်ကလေးက အရုပ်ငယ်လေးများ (ဥပမာ၊ ကားများ သို့မဟုတ် လေးထောင့်အတုံးလေးများကို) ပါးစပ်ထဲသို့ထဲ့ခြင်း၊ ဟိုရွှေ့ဒီရွှေ့လုပ်ခြင်း၊ လွှတ်ချခြင်းတို့ **မလုပ်ဘဲကောင်းစွာ** ဆော့ကစား နိုင်သလား။ | **ကစားနိုင်သည်။** | **မကစားနိုင်ပါ။** |
| 9. | သင့်ကလေးက သင့်ကို(မိဘကို) စိတ်ဝင်စားသောပစ္စည်းတွေ ယူလာပြဖူးသလား။ | **ပြဖူးသည်။** | **မပြဖူးပါ။** |
| 10. | သင့်ကလေးကသင့်မျက်လုံးထဲကိုတစ်စက္ကန့် (သို့) နှစ်စက္ကန့် ထက်ပိုပြီး စိုက်ကြည့်ဖူးပါသလား။ | **ကြည့်ဖူးသည်။** | **မကြည့်ဖူးပါ။** |
| 11. | သင့်ကလေးကအသံဗလံများကို **အလွန်အမင်း မခံမရပ်နိုင်** ဖြစ်ပါသလား။ (ဥပမာ၊ နားတွေကို ပိတ်လိုက်ခြင်း) | **ဖြစ်သည်။** | **မဖြစ်ပါ။** |
| 12. | သင့်ကလေးက သင့်မျက်နှာ(သို့) သင့်အပြုံးကိုပြန်၍ ပြုံးပြပါသလား။ | **ပြန်ပြုံးပြသည်။** | **ပြန်မပြုံးပြပါ။** |
| 13. | သင့်ကလေးက သင်လုပ်သလို လိုက်လုပ်သလား။ (ဥပမာ၊ သင်ကမျက်နှာပြောင်ပြရင်သူလိုက်လုပ်ပါ သလား။) | **လုပ်သည်။** | **မလုပ်ပါ။** |
| 14. | သင်ကလေးက သင်သူ့နာမည်ကိုခေါ်ရင် တုံ့ပြန်ပါသလား။ | **တုံ့ပြန်သည်။** | **မတုံ့ပြန်ပါ။** |
| 15. | ခပ်လှမ်းလှမ်းရှိအရုပ်ကို သင်လက်ညှိုးထိုးပြလျှင် သင့်ကလေးက အရုပ်ကို လိုက်ကြည့်သလား။ | **ကြည့်သည်။** | **မကြည့်ပါ။** |
| 16. | သင့်ကလေး လမ်းလျှောက်ပါသလား။ | **လျှောက်သည်။** | **မလျှောက်ပါ။** |
| 17. | သင့်ကလေးက သင်ကြည့်နေတဲ့အရာတွေကို လိုက်ကြည့်သလား။ | **ကြည့်သည်။** | **မကြည့်ပါ။** |
| 18. | သင့်ကလေးက သူ့မျက်နှာနားမှာ ပုံမှန်မဟုတ်သည့် လက်ချောင်းလုပ်ရှားမှုများကိုပြု လုပ်ပါ သလား။ | **လုပ်သည်။** | **မလုပ်ပါ။** |
| 19. | သင့်ကလေးက သူ့လုပ်ဆောင်ချက်များကို သင်အာရုံစိုက်မိလာစေရန်ကြိုးစား၍လုပ်ဆောင် ပါသလား။ | **လုပ်သည်။** | **မလုပ်ပါ။** |
| 20. | သင့်ကလေး နားလုံးဝမကြားရပါ(နားပင်းနေသည်) ဟုသင်စိုးရိမ်မိပါသလား။ | **စိုးရိမ်မိပါသည်။** | **မစိုးရိမ်ပါ။** |
| 21. | လူအများစကားပြောကြသည့်အခါ ဘာတွေပြောနေလဲဆိုတာကို သင့်ကလေး နားလည်ပါသလား။ | **နားလည်သည်။** | **နားမလည်ပါ။** |
| 22. | သင့်ကလေးက တခါတရံမှာ ဘာမဟုတ်သည့်အရာကိုငေးစိုက်ကြည့်ခြင်း (သို့မဟုတ်) ရည်ရွယ်ချက်မရှိဘဲ လျှောက်သွားခြင်းမျိုး လုပ်ပါသလား။ | **လုပ်သည်။** | **မလုပ်ပါ။** |
| 23. | သင့်ကလေးက ရင်းနှီးကျွမ်းဝင်မှုမရှိသောအရာတစ်ခုခုနဲ့ ကြုံရသောအခါ သင့်၏တုံ့ပြန်ပုံကိုသိဖို့ သင့်မျက်နှာကိုကြည့်သလား။ | **ကြည့်သည်။** | **မကြည့်ပါ။** |

© 1999 Diana Robins, Deborah Fein, & Marianne Barton

English version downloaded 11/18/2013